**MYANMAR YOUNG ENTREPRENEURS ASSOCIATION**

# NEWSLETTER

**NOVEMBER - 2020** Issue 2




MYEA Mentoring Programme

အား Ms. Kris Ang(YPO and WPO Certified Trainer) နှင့် အတူ အောင်မြင်နေ သည့် လုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင် Mentor များ၊ ကြိုတင်စာရင်းပေးသွင်းထားသည့် Mentee များဖြင့် ကျင်းပ ပြုလုပ်

Global Entrepreneurship Week 2020

အား နိုဝင်ဘာလ(၁၆)ရက်နေ့မှ(၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည်




MYEA အသင်းဝင်များအတွက် သီးသန့်အထူးလျှော့ဈေးများဖြင့် အကြိမ်အရေအတွက် အကန့်အသတ်မရှိအသုံးပြုနိုင်မည့်

Member Benefit Program




# ENTREPRENEURS EXCLUSIVE INTERVIEW

**ဦးအောင်ဇော်ဦး**

**Chairman,**

AUNG NAING THITSAR GROUP OF COMPANIES

Member Affair Committee-Chair, MYEA



ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၏ လစဉ် အစည်းအဝေးများ

အသင်းချုပ် စီမံခန့်ခွဲရေးကော်မတီလစဉ်အစည်းအဝေးများ

ဗဟိုအလုပ်အမှုဆောင်များနှင့် ကော်မတီ(၆)ရပ်၏အစည်းအဝေးများ

အသင်းချုပ်၏ အသင်းသားများထံ ထုတ်ပြန်စာများ၊ ဖြန့်ဝေစာများ

# MYEA Mentoring Program အား Ms.Kris Ang (YPO & WPO Certified Trainer) နှင့်အတူ အောင်မြင်နေသည့် လုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင် Mentor များ၊ ကြိုတင်စာရင်းပေးသွင်းထားသည့် Mentee များဖြင့် ကျင်းပပြုလုပ်




မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ စီစဉ်ကျင်းပသည့် Mentoring Programme (Kick Off Session) အား ပြီးခဲ့သည့် ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့ က နေ့လည် (၁:၀၀) နာရီမှ ညနေ (၅:၄၅) နာရီအထိ Zoom Meeting ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခု Programme အား ပြည်တွင်းရှိ အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းမှ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ တစ်ဦးနှင့် တစ်ဦး ပိုမို၍ကောင်းမွန်သည့် Relationship ရရှိနိုင်ရန်၊ ဦးဆောင်လုပ်ကိုင်သည့်လုပ်ငန်းများနှင့် Personal Development တို့တွင် ပိုမိုအောင်မြင်မှုရရှိနိုင်စေရန်အတွက် ရည်ရွယ်ကာ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ Kick Off Session ၏ ပထမဆုံးအစီအစဉ်အနေဖြင့် MYEA ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်သူရမှ အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီးနောက် Honorable Mentor တစ်ဦးဖြစ်သည့် Mr. Serge Pun မှ လည်း အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် MYEA ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးဝေဖြိုးမှလည်း Mentoring Program အားစီစဉ်ဖြစ်ခဲ့ပုံ၊ မည်သို့အကျိုးရှိပုံနှင့် Program Outline တို့ကို ရှင်းလင်းပြောကြားပေးခဲ့ပြီးနောက် တက်ရောက်သူများစုံညီစွာဖြင့် Photo Session ပြုလုပ်ခဲ့ပါသည်။

ယင်းအစီအစဉ်များပြီးနောက် Ms. Kris Ang (YPO and WPO Certified Trainer) မှ မိတ်ဆက်ပြောကြားခြင်းပြုလုပ်ကာ Mentoring နှင့် ပတ်သက်သည့်အကြောင်းအရာများ ပို့ချခြင်း (4)Hours Session အစီအစဉ်များအား တာဝန်ယူ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။။

Programme သို့ MYEA ၏ ဥက္ကဋ္ဌဒေါက်တာအောင်သူရ၊ အထူးဖိတ်ကြားထားသည့် အောင်မြင်ထင်ရှားသော လုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင် Mentor များ၊ ကြိုတင်စာရင်းသွင်းပြီး ရွေးချယ်ခံရသည့် Mentee များလည်း တက်ရောက်ခဲ့ကြပါသည်။

MYEA မှ Mentoring Programme အတွက် ဖိတ်ကြားထားသော Mentor များသည် စီးပွားရေးလုပ်ငန်းခွင်စီမံခန့်ခွဲမှုနယ်ပယ်တွင် အနည်းဆုံး (၅) နှစ် အတွေ့အကြုံရှိသူများ၊ အသီးသီးသော Professional Skills (၁၀)နှစ်ခန့် အတွေ့အကြုံရှိသူများအား ရွေးချယ်ဖိတ်ကြားထားခြင်းဖြစ်ပြီး လက်ရှိစီးပွားရေးလုပ်ငန်းများတွင် အောင်မြင်နေသည့်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပါဝင်ပါသည်။

Mentoring Programme ၏ Timelines အနေဖြင့် နိုဝင်ဘာလ ပထမပတ် မှ စတင်ကာ (၆)လ ကြာမြင့်မည်ဖြစ်ပြီး စုစုပေါင်း Session (၉)ခု ဖြင့် ပြုလုပ်သွားမည် ဖြစ်ပါသည်။ Mentoring Programme အား MYEA Entrepreneurship Development Committee မှတာဝန်ယူဆောင်ရွက်ခဲ့ပြီး ပွဲဖြစ်မြောက်ရေးအတွက် Yum Yum Myanmar မှ အဓိကပံ့ပိုးကူညီပေးထားပါသည်။



မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
NOVEMBER - 2020


























# MYEA Mentoring Programme (Kick-Off Session)တွင် MYEA ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ၏ အဖွင့်အမှာစကား

“မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ အဖွင့်အမှာစကားပြောကြားခွင့်ရတာရော ထင်ရှားကျော်ကြားတဲ့ လုပ်ငန်းရှင် Mentor များနဲ့အတူ ကျွန်တော့်မိတ်ဆွေတွေအားလုံးကိုပါ ပြန်လည်တွေ့ဆုံရတာကို အလွန်ပဲဝမ်းသာဂုဏ်ယူမိပါတယ်။




ယခု Mentoring Programme အထမြောက်အောင်မြင်သွားတာကိုလည်း ကျွန်တော့်အနေနဲ့ အလွန်ကို ဝမ်းသာမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် MYEA ရဲ့ ဥက္ကဋ္ဌမဖြစ်ခင်ကာလ၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးဝေဖြိုး လက်ထပ်ကတည်းက အသင်းဝင်တွေအတွက် သိပ်ကိုပြုလုပ်ပေးချင်ခဲ့တဲ့ Mentorship Programme ဖြစ်ပြီး အခုလည်း ကိုဝေဖြိုးကိုယ်တိုင်က သေချာအထောက်အပံ့ပေးကာပြုလုပ်ပေးတာဖြစ်လို့ အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ဟာ Mentorship Programme ကို ပြုလုပ်ဖို့အတွက် Covid-19 မဖြစ်ခင်ကာလကတည်းက စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ဒီ Covid-19 ကာလကို မဖြတ်ကျော်နိုင်သေးခင်မှာတင် Programme ကြီးတစ်ခုလုံးကို Online ကနေပဲ အောင်မြင်အောင် ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒီနေ့ Kick-Off Session မှာ ပါဝင်မှာတွေကတော့ Kris ရဲ့ ပို့ချတဲ့ အချိန် (4 hours Session) အဓိကပါဝင်မှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ Private Session, Individual Session (Mentor-Mentee) အနေနဲ့ (၆) လတာကာလအတွင်း ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီ Programme ဖြစ်မြောက်အောင် ဦးဆောင်စီစဉ်ပေးခဲ့တဲ့ MYEA Management Committee မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာယဉ်မင်းဟန်နဲ့ MYEA (ED Committee Chair) ဒေါ်ခိုင်ခိုင်လင်း တို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာတင် အချိန်မအားတဲ့ကြားကနေ မဖြစ်မနေ အချိန်ပေးပြီး Mentor အနေနဲ့ ပါဝင်အားဖြည့် ပြုလုပ်ပေးမယ့် ကဏ္ဍအသီးသီးမှာ အောင်မြင်ထင်ရှားတဲ့ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ Mentee တွေအနေနဲ့လည်း Program ကို အကျိုးရှိစွာအသုံးချပြီး မိမိအတွက် ကောင်းမွန်တဲ့ရလဒ်တွေရရှိမှာဖြစ်တာကြောင့် စနစ်တကျလေ့လာသင့်ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း ပြီးခဲ့တဲ့နှစ်က Kris ရဲ့ Mentoring Training Program မှာ တက်ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော့်အတွေ့အကြုံကတော့ Trainer Kris ဟာ အရာရာတိုင်းမှာ သိပ်ကို စနစ်ကျနမှုရှိကာ အချိန်နဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့ စီမံမှုတွေအောက်မှာ သင်ကြားခဲ့ရတာဖြစ်လို့ သိပ်ကို အကျိုးရှိခဲ့ပါတယ်။ သင်တန်းတက်ရောက်ချိန်မှာ တယ်လီဖုန်းတွေကို တောင် Kris ဆီမှာ ပေးထားရပြီး အာရုံစူးစိုက်မှုအပြည့်နဲ့ သင်ကြားလေ့လာခိုင်းခဲ့တာဖြစ်ပါတယ်။

ယခုတစ်ကြိမ်မှာတော့ Online မှတစ်ဆင့် ပြုလုပ်တာဖြစ်ပေမယ့် ပြင်ပမှာတက်ရောက်သလိုပဲ စနစ်တကျနဲ့ လိုက်နာဆောင်ရွက်နိုင်မယ်လို့လည်းမျှော်လင့်ပါတယ်။

Mentorship Programme ဟာ အရမ်းကိုကောင်းပါတယ်။ ကျွန်တော်သိပ်ကိုသဘောကျခဲ့ပြီး ပိုမိုလေ့လာဖြစ်ခဲ့တာကြောင့် Mentorship Programme ထဲမှာပါတဲ့ Mentor-Mentee Relation ကိုပါ တစ်ပါတည်း ပိုမိုသိရှိခဲ့ရပါတယ်။

Mentee တွေဟာ Mentor-Mentee ကြားမှာရှိနေတဲ့ Network, Relation အကြောင်းအရာတွေထက် ယခု Program အတွင်းမှာ မိမိကိုယ်တိုင်ရဲ့ မှန်ကန်တိကျတဲ့ ခံယူချက်နဲ့ ကိုယ်ဘာကို မျှော်လင့်တာလဲဆိုတာကို သိဖို့အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒါမှသာ မိမိ Mentor ရဲ့ ဘဝမှာ တကယ့်ကို ကျော်ဖြတ်ခဲ့ပြီး ရရှိခဲ့တဲ့အောင်မြင်မှုတွေနဲ့ အတွေ့အကြုံတွေကို စံနမူနာယူကာ မိမိလိုအပ်နေတာ၊ မိမိမျှော်လင့်နေတာတွေကို ပြန်လည်ဆန်းစစ်ပြီး Mentor ထံကို မေးမြန်းဖို့ တိကျသေချာတဲ့ မေးခွန်းတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ကဏ္ဍအသီးသီးမှာ အောင်မြင်ထင်ရှားပြီးဖြစ်တဲ့ Mentor တွေကိုယ်တိုင်လည်းပဲ ဒီ Program အတွင်းမှာ လေ့လာမှုတွေပြန်လုပ်နေရမှာလည်းပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Mentee တစ်ဦးကို ဘယ်လိုမျိုးတိကျသေချာတဲ့ လမ်းပြညွှန်ကြားမှုတွေ လုပ်ပေးမယ်ဆိုတဲ့ Mentor တစ်ဦးဖြစ်နေသင့်တာမျိုးနဲ့ ဒီProgram အတွင်းမှာ ဘယ်လိုပူးပေါင်းပါဝင်မလဲဆိုတာတွေကိုပါ လေ့လာနေရမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့အရေးကြီးတဲ့အကြောင်းအရာကတော့ Mentor Program ဟာ (၆)လတာကာလ အတိအကျသတ်မှတ်ထားသော်လည်း တစ်ဦးနဲ့ တစ်ဦးရဲ့ Relations ဟာ နောက် (၂) နှစ် (၃) နှစ်မကကိုပဲ ဆက်လက်တည်ရှိနေနိုင်သေးတဲ့အပြင် Mentee တစ်ဦးချင်းစီကလည်း မိမိ Mentor နဲ့ သဘောတူညီမှုတွေ၊ လိုက်နာမှုတွေအပါအဝင် အကြောင်းအရာမျိုးစုံမှာ အလေးထားမှုတွေနဲ့ Relationship ဆက်လက်ရှိနေနိုင်ပါသေးတယ်။

ကျွန်တော်တို့ MYEA အနေနဲ့လည်း ယခုတစ်ကြိမ် Mentoring Programme ကို Pilot Project အနေနဲ့ပြုလုပ်တာဖြစ်ပြီး အောင်မြင်စွာပြုလုပ်နိုင်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

“To Empower Young Entrepreneurs and assist in creating a Vibrant Entrepreneurship Ecosystem in Myanmar” ဆိုတဲ့ အဓိကရည်မှန်းချက်တွေထဲမှာ ပါဝင်တာတွေနဲ့အညီ ယခု Mentorship Programme ကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ယခု Kick-Off Session ကို တက်ရောက်လာကြပါသော Mentor များအဖြစ် ပါဝင်အားဖြည့်ကူညီပေးမည့် ထင်ရှားကျော်ကြားတဲ့ လုပ်ငန်းရှင်များနဲ့အတူ Mentee အဖြစ်ပါဝင်မည့်သူများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။”

## Mentoring Programme ၏ Honorable Mentor တစ်ဦးဖြစ်သည့် MYEA ဥက္ကဋ္ဌဟောင်း ဦးဝေဖြိုး၏ အမှာစကား

“အားလုံးမင်္ဂလာနေ့လည်ခင်းပါ။ Kris နဲ့လည်း ယခင်နှစ်တွေကတည်းက စီစဉ်ဖြစ်ခဲ့တဲ့ Program မှာ ပြန်လည်တွေ့ဆုံရတာဖြစ်တဲ့အတွက်လည်း ဝမ်းသာပါတယ်။ အန်ကယ်ဆော့ချ်လည်း မင်္ဂလာနေ့လည်ခင်းပါ။ ဒီ Program ကို စတင်ပြီး ဦးဆောင်ပြုလုပ်နိုင်ခဲ့တဲ့ ဥက္ကဋ္ဌ ကိုအောင်သူရကိုလည်း ဂုဏ်ယူပါတယ်။

အခုတက်ရောက်လာသူတွေထဲမှာ ကျွန်တော် MYEA ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလမှာ ဆုံခဲ့ဖူးတဲ့ ရင်းနှီးခင်မင်ရတဲ့ အသင်းဝင်တွေအပြင် ကျွန်တော်တို့ရဲ့ WPO ညီအစ်ကို၊ မောင်နှမတွေကိုလည်း ပြန်လည်တွေ့ဆုံရတဲ့အတွက် အထူးဝမ်းသာပါတယ်။

ဦးစွာ ပြောကြားလိုတာကတော့ Mentoring Progamme ကို စီစဉ်ဖြစ်ပုံနဲ့ ဘယ်ကဘယ်လိုစပြီး ဖြစ်တည်လာတဲ့အကြောင်းအရာလေးတစ်ခုပြောလိုပါတယ်။ အမှန်တော့ ဒီ Program ဟာ USAID က စီစဉ်ကျင်းပခဲ့တဲ့ တိုက်ဂါး-မဲခေါင် Prgram ထဲမှာပါဝင်ခဲ့တဲ့တစ်ခုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ကျွန်တော်တို့ကို ဒီ Program ပြုလုပ်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အဲဒီမှာ Trainer ကတော့ Business Model Campus ကို ပြုလုပ်ပေးဖို့ လာခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ စွန့်ဦးတီထွင်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ Mentoring Program လည်းရှိဖို့လိုတယ်လို့ Trainer က အကြံပေးခဲ့ပါတယ်။ အဲဒါနဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း သိပ်ကို စိတ်ဝင်စားခဲ့ပြီး Mentoring နဲ့ ပတ်သက်တာတွေ ပြုလုပ်ပေးဖို့ စီစဉ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်းဟာ ကိုယ်ယုံကြည်ရာ၊ ကိုယ့်အားသာချက်ကို အသုံး

ချပြီး ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်ရှိလို့ပါ။ ကျွန်တော်တို့ မြန်မာလူမျိုးအများစုဟာ ညွှန်ကြားပြသပေးခြင်းကိုပဲ လက်ခံရလေ့ရှိပါတယ်။ ဥပမာ မိသားစုမှာ ကျွန်တော်တို့ မိဘတွေက "ဒါလုပ်ကိုလုပ်ရမယ်။ ဒါဆိုမလုပ်ရဘူး"စတဲ့ ညွှန်ကြားတာကိုပဲ လက်ခံရတာမျိုး၊ အကြီးက အငယ်ကို ညွှန်ကြားတာမျိုးတွေပါ။ ကျွန်တော်ဆိုလိုချင်တာက ဒါတွေက မှားတယ်လို့တော့ မဆိုလိုပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ အခြားသူတစ်ဦးရဲ့ စီစဉ်ညွှန်ကြားမှု အောက်မှာနေတာထက် တီထွင်ဆန်းသစ်တဲ့ အတွေးအခေါ်၊ ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ စွန့်ဦးတီထွင်သူတွေဖြစ်ဖို့ ကိုယ့်အနာဂတ်ကို ကိုယ်တိုင်ဖန်တီးနိုင်ဖို့လည်း လိုအပ်ပါတယ်။ အဲဒါဟာ Mentoring ပါပဲ။ ဘာကြောင့်ဆို လူတစ်ဦးရဲ့ Coaching သီးသန့်လုပ်တာတစ်ခုတည်းကိုပဲ ခံယူတာထက် Mentoring မှာ ကိုယ်ပိုင်စဉ်းစားဉာဏ်ကို အခြေခံပြီး ဘယ်လိုအတွေးအခေါ်မျိုးနဲ့ ဘယ်လိုအောင်မြင်အောင် ကြိုးပမ်းခြင်းတွေလုပ်ဆောင်ရမလဲဆိုတာတွေ ပါဝင်မှာပါ။

Mentoring အတွက် အသုံးဝင်ပြီးတော့ တန်ဖိုးရှိလှတဲ့ အခြေခံအချက် (၄) ချက်ကို ကျွန်တော်ပြောကြားလိုပါတယ်။

နံပါတ် (၁) အချက် က Mentoring ဆိုတာဟာ Learning Experience ပါပဲ။ Uncle Serge ပြောပြသွားသလိုပါပဲ။ Mentor တွေဆီက ဗဟုသုတတွေ၊ အတွေ့အကြုံတွေနဲ့ လမ်းပြပံ့ပိုးပေးမှုတွေကို Mentee တွေဟာရနိုင်သမျှလေ့လာသင်ယူနေရမှာဖြစ်ပါတယ်။ (၂)မျိုးရှိနိုင်ပါတယ်။ Mentor က Mentee ဆီကနေလည်း Learn လုပ်လို့ရသလောက် လုပ်နိုင်သလို၊ Mentee ကတော့ ကိုယ့်ရဲ့ Mentor ဆီကနေ အပေါ်မှာပြောခဲ့သလိုမျိုးတွေကို ရသလောက်သင်ယူနေရမှာပါ။ တကယ်တော့ Learning Journey ကြီး တစ်ခုပါပဲ။ Mentee တွေက ကိုယ်လိုချင်တာ၊ ကိုယ်သိချင်တာ၊ ကိုယ့်ခံယူချက်တွေနဲ့သက်ဆိုင်တဲ့ မေးခွန်းတွေကို ကိုယ့် Mentor ဆီကို မေးနိုင်ဖို့ အမြဲသတိချပ်နေဖို့လည်း လိုပါတယ်။




နံပါတ်(၂)အချက်ကတော့ Mentoring ဟာ Exploration Journey ပါ။ Mentor နဲ့ Mentee (၂)ဦးကြားမှာ အမြဲအတူတကွ Explore ဖြစ်နေသင့်ပါတယ်။ Mentee ရဲ့ ပြဿနာတစ်ရပ်ကို Mentor က သူ့ရဲ့တာဝန်တစ်ခုအနေနဲ့ ဖြေရှင်းပေးတာမျိုးကို လုပ်ပေးနေရတာမဟုတ်ပါဘူး။ ဖြစ်လာတဲ့ပြဿနာကိုအခြေခံပြီး Mentee ရဲ့ ကိုယ်ပိုင်အတွေးအခေါ်နှင့် အဖြေရှာခြင်းနဲ့ ဖြေရှင်းမှုပုံစံကို လမ်းညွှန်ပေးတာမျိုးပါ။ Self-Realization ပေါ့ဗျာ။ Mentee တွေကိုယ်တိုင်မှာ အခြားသူများရဲ့ လွှမ်းမိုးခြယ်လှယ်ခြင်းမပါဘဲ သူတို့ကိုယ်ပိုင်အတွေးအမြင်ကို ယုံကြည်မှုအပြည့်နဲ့ ကိုယ်တိုင်ဖြေရှင်းတတ်လာစေဖို့ကိုပဲ Guide လုပ်ပေးခြင်းမျိုးပါ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အရာတစ်ခုကို ပူးပေါင်းအဖြေရှာကြတဲ့ Exploration Journey ကိုဆိုလိုတာပါ။

နံပါတ် (၃) အချက်အနေနဲ့ကတော့ Dedication က အရေးပါတဲ့အရာပါ။ ကျွန်တော့်အထင်အမြင်အရ Kris ဆိုရင် သူ့ Training Session ချိန်မှာဆို Dedication အပြည့်နဲ့ စနစ်တကျလုပ်ဆောင်ပေးတတ်တဲ့ သူမျိုးပါ။ လူတစ်ယောက်နဲ့တစ်ယောက် Appointment တစ်ခုလုပ်ကြတယ်ဆိုရင် အပြန်အလှန် တလေးတစားလုပ်ပေးတာမျိုးပေါ့။ မိမိလည်းအချိန်ပေးရသလို၊ သူတစ်ပါးကလည်း အချိန်ပေးရတဲ့အပေါ်မှာ လေးစားသမှုနဲ့ ဆောင်ရွက်ခြင်းပါ။ နောက်ဆုံးပြောရရင် စေတနာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်တို့တစ်ဦးနဲ့တစ်ဦးကြားမှာ Dedication နဲ့ Respect ရှိဖို့လည်း အရေးကြီးပါတယ်။

နံပါတ် (၄) နောက်ဆုံးအချက်အနေနဲ့ကတော့ တစ်ဦးနဲ့တစ်ဦး Trust ကိုအဓိကထားပြီး Relationship စတင်တည်ဆောက်ထားရပါမယ်။ ကျွန်တော်တို့ ဘဝတွေမှာ အခြားအရေးပါတဲ့အရာတွေရှိသလို Trust Relationship ကိုလည်း အရေးပါတဲ့အရာအနေနဲ့ အမြဲကျန်ရှိနေနိုင်အောင် လုပ်ဆောင်သင့်ပါတယ်။

ဒီအချက် (၄) ချက်ကတော့ Mentorship အတွက် အရေးပါတဲ့ အချက် (၄) ချက်အနေနဲ့ အားလုံးရဲ့ စီးပွားရေးရာကိစ္စရပ်တွေအပြင်၊ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်အတွက်ကိုပါ အမြဲအသုံးဝင်နေမှာဖြစ်တဲ့အတွက် ကျွန်တော်ကောက်နှုတ်တင်ပြပေးတာဖြစ်ပါတယ်။

နောက်ပြီး Kris နဲ့ပတ်သက်တာလေးပြောပြချင်ပါတယ်။ ကျွန်တော် Kris နဲ့ ခင်မင်ရင်းနှီးခဲ့တာ (၆) နှစ်၊ (၇) နှစ်လောက် ရှိပါပြီ။ အားလုံးလည်း Kris ရဲ့ Biography ကို ဖတ်ပြီးကြလိမ့်မယ်ထင်ပါတယ်။ Kris ဟာ YPO & WPO ရဲ့ Certified Trainer တစ်ဦးဖြစ်ပါတယ်။

YPO ဆိုတာဟာ Young Personal Program ဖြစ်ပြီးတော့ အဲ့ဒီမှာ သိပ်ကို နာမည်ကြီးထင်ရှားတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း WPO Mentorship Programme ကို တက်ရောက်ရင်း Kris ရဲ့ Train ပေးမှုအောက်မှာ (၂) ကြိမ်တိတိ အတွေ့အကြုံရှိခဲ့ပြီးသားဖြစ်ပါတယ်။ ပထမတစ်ကြိမ်ကတော့ နိုင်ငံရပ်ခြားမှာပါ။ ဒုတိယတစ်ခေါက်ကတော့ ဒီ ရန်ကုန်မှာပါပဲ။ ဘာကြောင့်တက်ရောက်ဖြစ်ခဲ့တာလည်းဆိုတော့ Kris ကို ကျွန်တော် ကိုယ်တိုင်သေချာ request လုပ်ခဲ့တာဖြစ်ပြီး YPO ဟာ ကမ္ဘာ့အသိအမှတ်ပြုစံချိန်စံညွှန်းတွေနဲ့ စနစ်ကျနစွာတည်ထောင်ထားတာလည်းဖြစ်သလို၊ Mentor-Mentee ကြားမှာ တကယ့်ကိုကောင်းမွန်တဲ့ စနစ်တွေနဲ့ တစ်ဦးနဲ့တစ်ဦးကြားက Expectation တွေကို ကိုယ်တိုင်ဖော်ဆောင်နိုင်ကြမှာဖြစ်ပါတယ်။ ယခု Program မှာပါဝင်တဲ့ Mentor တွေ၊ Mentee တွေအားလုံး Learning Experiences တွေ ပိုမိုကောင်းမွန်စွာရရှိကြပါစေကြောင်းနဲ့ အားလုံးအောင်မြင်ခြင်းတွေ ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။"

❑ ❑ ❑

## Mentoring Programme ၏ Honorable Mentor **တစ်ဦးဖြစ်သည့်** Mr.Serge Pun **၏အမှာစကား**

"အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒီ Mentoring Programme မှာ Honorable Mentor တစ်ဦးအနေနဲ့ ပါဝင်ရမှာဖြစ်ပြီး ကိုယ်တိုင်လည်း Mentor တစ်ဦးအနေနဲ့ Learn လုပ်ဖို့ အခွင့်အရေးလည်း ရရှိမှာဖြစ်လို့ ဝမ်းသာမိပါတယ်။




လူငယ်စွန့်ဦးတီထွင်သူတွေဟာ တစ်ချိန်မှာ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့အတွက် အောင်မြင်မှုတွေ၊ နောင်လာမယ့် မျိုးဆက်အတွက်ကိုလည်း ကွဲပြားခြားနားပြီး ကောင်းမွန်တဲ့အရာတွေ ဆောင်ကျဉ်းပေးမယ့် လူတွေဖြစ်တာကြောင့် MYEAကဦးဆောင်ပြုလုပ်တဲ့ ဒီလို Program ကို စီစဉ်တာ အရမ်းကို ကောင်းမွန်ပါတယ်။

ဘာကြောင့်ဆို နောင်လာမယ့် (၁၅) နှစ်၊ အနှစ် (၂၀) မှာဆိုရင် ပြောင်းလဲမှုတွေများစွာကြုံရဦးမှာဖြစ်လို့ လူငယ်တွေအနေနဲ့ ကြိုးစားကြဖို့ တာဝန်ရှိပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ Mentor တစ်ဦးအဖြစ် ဒီ Program မှာ Learning Experience လည်း ရရှိမှာဖြစ်သလို၊ ပူးပေါင်းပါဝင်ပေးရတာကိုလည်း အရမ်းကိုဝမ်းသာမိပါတယ်လို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။"

# Mentoring Programme တွင် ပါဝင်ဆောင်ရွက်ပေးမည့် Mentor များ၏ မှတ်ချက်ပြုပြောစကားများ

## ဦးအောင်စိုးသာ

“အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဦးအောင်စိုးသာ ဖြစ်ပါတယ်။ Myanmar ComBiz Group ရဲ့ Executive Chairman အနေနဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်။ MYEA အသင်းကိုတည်ထောင်ခဲ့တဲ့ Founding Member ထဲမှာပါဝင်ခဲ့ပါတယ်။ စတင်တည်ထောင်စဉ်ကတည်းက MYEA ဟာ တခြားအသင်းတွေနဲ့ မတူတဲ့အချက်တွေရှိခဲ့ပါတယ်။ လူငယ်တွေနဲ့ ဖွဲ့စည်းထားတယ်၊ အသက်အရွယ် ကန့်သတ်ချက်တွေရှိတယ်၊ Industry မျိုးစုံက လူတွေပါဝင်တယ်၊ Business Entrepreneur တွေကို ဦးစားပေး Target လုပ်ထားတယ်၊ လူငယ်တွေနဲ့ ဖွဲ့စည်းထားတာမို့ ပို Fresh ဖြစ်တယ်၊ ဒါတွေက ပုံမှန်အသင်းတွေနဲ့ မတူတဲ့ ကွဲပြားချက်တွေဖြစ်ပါတယ်။ Industry မျိုးစုံက လူငယ်တွေကို Entrepreneur ဖြစ်အောင် ကူညီမယ်ဆိုတဲ့ အသင်းရဲ့ ရည်ရွယ်ချက်တွေက အင်မတန်ကောင်းပါတယ်။ ဒါကြောင့် အသင်းစတင်တည်ထောင်ထဲက ပါဝင်ဖြစ်ခဲ့တာပါ။




အခုလဲ Mentoring Program လုပ်မယ်ဆိုပြီး ဖိတ်ကြားတဲ့အခါ ဒီ Program ကနေ Business Entrepreneur တွေကို မွေးဖွားပေး၊ ပိုင်းဝန်းကူညီစောင့်ရှောက်ပေး၊ လမ်းညွှန်ပေးကြမယ်ဆိုတဲ့ ခေါင်းစဉ်ကို စဉ်းစားမိပါတယ်။ လူရယ်လို့ဖြစ်လာရင် Mentorship ဆိုတဲ့ Process က တောက်လျှောက်ဖြတ်သန်းနေရပါတယ်။ သိ၍ဖြစ်စေ မသိ၍ဖြစ်စေ ကိုယ်တိုင်ရော လူတိုင်းမှာပါ Mentorship လုပ်ခြင်း သို့မဟုတ် Mentorship အလုပ်ခံရခြင်းဆိုတဲ့ Process တစ်ခုမှာ နေ့စဉ်ဖြတ်သန်းနေကြပါတယ်။ လူသားတစ်ယောက်အဖြစ်မွေးဖွားလာရင် မွေးဖွားချိန်နဲ့သေဆုံးချိန်ကြားမှာ Mentorship ဆိုတဲ့ Process က တောက်လျှောက်ဖြတ်သန်းနေရပါတယ်။ ဥပမာ ကလေးတစ်ယောက် မွေးဖွားလာရင် နေ့စဉ်နေထိုင်စား သောက်မှု၊ ဝတ်ဆင်မှု၊ သွားလာနေထိုင်မှု၊ အပြောအဆို ဒါတွေအားလုံးကို လက်ဦးဆရာမိဘက သွန်သင်ပါတယ်။ ဒါလဲ Mentorship Process ပါ။ ဒီကနေ အရွယ်ရောက်လာတဲ့အချိန်မှာ အတန်းပညာကိုဖြတ်သန်းပါတယ်။ ဆရာဆရာမတွေရဲ့ သင်ကြားမှုကလဲ Mentorship Process ပါပဲ။ လုပ်ငန်းခွင်ထဲမှာဆိုလည်း ကိုယ့်ထက်အရင်ရောက်နင့်ပြီးသား စီနီယာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ဆရာသမားတွေရှိတယ်။ ဒီလူတွေအကုန်လုံးက လုပ်ငန်းခွင်အတွင်း လွယ်လင့်တကူ စနစ်တကျတာဝန်ထမ်းဆောင်နိုင်ဖို့အတွက် Mentorship လုပ်ပေးကြပါတယ်။

ဒါကြောင့် Mentorship Process ဟာ လူတိုင်းအတွက် မဖြစ်မနေ ဖြတ်သန်းရတဲ့ Process ဖြစ်ပါတယ်။ Mentoring Program ဟာ ဘယ်လောက်အရေးကြီးလဲ ပြောရင် မွေးဖွားချိန်မှအစ လုပ်ငန်း



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
NOVEMBER - 2020

ခွင်မှာရော ကိုယ်ပိုင်စီးပွားရေးကို ဦးဆောင်တဲ့နေရာမှာပါ လုပ်ငန်းခွင်လည်ပတ်မှုကို ဘယ်လိုစတင် Set up လုပ်မလဲ၊ စာရင်းဇယားတွေ ဘယ်လိုထားမလဲ၊ ဘဏ္ဍာရေးနဲ့ ငွေကြေးသုံးစွဲမှုတွေ ဘယ်လိုလုပ်မလဲ၊ လူမှုပေါင်းသင်းဆက်ဆံရေးကိုဘယ်လိုလုပ်မလဲဆိုတာတွေကို စနစ်တကျသင်ယူတတ်မြောက်တဲ့သူတွေက သင်ကြားပေးတာရှိသလို အတွေ့အကြုံအရကိုယ့်ထက်သာသူတွေက ပြန်မျှဝေပေးတာလဲရှိပါတယ်။ ဒါကြောင့် Mentoring Program တစ်ခုဆိုတာက လူသားတစ်ယောက်အနေနဲ့ ဘဝမှာ မရှိမဖြစ် ဖြတ်သန်းသင့်တဲ့ Process တစ်ခုဖြစ်တာမို့ MYEA ရဲ့ Mentoring Program ကိုဝင်ရောက်လုပ်ကိုင်ပေးခြင်းဖြစ်ပါတယ်။”

## ဦးဇေယျာသူရမွန်

“ဒီ Mentoring Program က ဘာကြောင့်အရေးပါလဲဆိုတော့ အင်ဂျင်နီယာဖြစ်ချင်ရင် အင်ဂျင်နီယာကျောင်း သွားတက်ရမယ်။ ဒါမှ အင်ဂျင်နီယာတွေက အင်ဂျင်နီယာဖြစ်အောင် သင်ပေးနိုင်တယ်။ ဆရာဝန်တွေလဲ ဒီလိုပဲ ဆရာဝန်ဖြစ်ချင်ရင် ဆေးကျောင်းကို သွားရတယ်။ ဆရာဝန်တွေက ဆေးကျောင်းသူ/သားတွေကို ဆရာဝန်ဖြစ်အောင် သင်ကြားပေးကြတယ်။




ထိုနည်းတူစွာ Entrepreneur ဖြစ်ချင်ရင် Entrepreneur တွေဆီကနေ ဒီပညာတွေလာသင်ကြတယ်။ ကျွန်တော်တို့ ကတော့ ကျောင်းတွေလို Formality နဲ့ သင် ရိုးညွှန်းတမ်းတော့ မရှိပါဘူး။ Entrepreneur တစ်ယောက်ဆီက generally အကုန်လုံးသင်လို့ရတယ်။ နောက်ပြီး မေးလို့လဲရတယ်။ Limit လုပ်ထားတာမဟုတ်လို့ Open protocol သင်လို့ရတာဖြစ်တဲ့အတွက် ဒါက အရေးကြီးတဲ့ အနေအထား တစ်ခုဖြစ်ပါတယ်။

ဒီ Program ကို ဘာကြောင့် Support ပေးလဲဆိုတော့ ခင်ရာဆွေမျိုးဆိုသလို MYEA စပြီးတည်ထောင်ကတည်းက မထင်မှတ်ဘဲဝင်ရောက်ဖြစ်ခဲ့ပြီး ဆယ်စုနှစ်နီးပါး ဥက္ကဋ္ဌ လေးဆက်ရှိခဲ့ပြီမို့ သံယောဇဉ်လဲရှိတယ်၊ မိတ်ဆွေတွေ ညီ၊ ညီမတွေလဲရှိပါတယ်။ အခုနောက်ပိုင်း MYEA ကိုသိပ်မရောက်ဖြစ်ပေမဲ့ အမြဲစိတ်ထဲမှာရှိခဲ့တာမို့ ကြုံလာတဲ့အခါ ပါဝင်ဖြစ်ခဲ့ပါတယ်။ လူအများကြီးရှိတဲ့ထဲက သတိတရနဲ့ ရွေးချယ်ဖိတ်ကြားလို့ MYEA ကိုကျေးဇူးတင်ပါတယ်။”

## ဦးရှိန်းသူအောင်

ကျွန်တော် MYEA က ဖိတ်ကြားလာတဲ့ Mentoring Program လေးကို ပါဝင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Mentoring က ဒီနေ့ခေတ်မှာရော ဟိုးအရင်ကရော အရေးကြီးခဲ့ပါတယ်။ တခါတလေမှာ Mentor တခါတလေမှာ Mentee ဖြစ်တယ်။ ဘဝမှာလဲ Ideal person ရှိကြသလို Mentoring ဆိုတာလဲရှိသင့်ပါတယ်။ ကျွန်တော့်အနေနဲ့ Mentee ဖြစ်ခဲ့တဲ့ အကြိမ်တွေလဲအများကြီးရှိသလို ဒီအလှည့်မှာတော့ Mentor အနေနဲ့ပါဝင်ရမှာပါ။

ဒီနေရာမှာ ကျွန်တော့်ကို Mentor အနေနဲ့လာတွေ့မဲ့သူတွေကို ကျွန်တော့်ရဲ့အတွေ့အကြုံလေးတွေ မျှဝေသွားမယ်၊ သူတို့ရဲ့ ရည်မှန်းချက်တွေ အိပ်မက်တွေကိုလည်း နားထောင်ပေးသွားမယ်။ အနည်းဆုံး သူတို့ ယုံယုံကြည်ကြည်နဲ့ ပြောဆိုတိုင်ပင်လို့ရတဲ့ သူတစ်ဦးဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။ ဒီ Program လေးက သေးသေးကြီးကြီး ကိုယ့်ကိုလာတွေ့မဲ့သူကရော ကိုယ်ကပါ အပြန်အလှန် သင်ယူလို့ရပါတယ်။ ဒါကြောင့် Mentor နဲ့ Mentee Program ဟာ အရေးကြီးတယ်လို့ပဲ ပြောချင်ပါတယ်။

နောက်တခုက MYEA ရဲ့ ဒီ Program လေးမှာ ဘာကြောင့် ပါဝင်ဖြစ်လဲဆိုတော့ MYEA စတင် ဖွဲ့စည်းကတည်းက EC အဖြစ်ပါ



ဝင်ခွင့်ရခဲ့ပြီး အခုဆို သက်တမ်း နှစ်ကြိမ်ရှိပါပြီ။ လူအား၊ လုပ်အားအနေနဲ့ပဲဖြစ်ဖြစ် Sponsorship နဲ့ပတ်သက် တာပဲဖြစ်ဖြစ် မျိုးစုံပါဝင်ဖြစ်ခဲ့ပါတယ်။

ယနေ့ချိန်ထိလဲ Member အဖြစ် ရှိနေဆဲပါ။ MYEA ရဲ့ ယခုလိုပွဲများဟာ တိုင်းပြည်နဲ့ လူငယ်တွေအတွက်ရော Entrepreneur ဖြစ်ချင်သူတွေအတွက်ပါ ပုံစံမျိုးစုံနဲ့ အရေးပါတာမို့ ဒီ Program လေးမှာ ပါဝင်ဖြစ်ခဲ့တာပါ။”

❑ ❑ ❑

## ဦးကျော်စိုးဟန်


‘ကျွန်တော်တို့နိုင်ငံမှာ Mentorship Programme က ပြုလုပ်ကြတာနည်းပါတယ်။ နိုင်ငံခြားမှာတော့ အကြီးအကျယ်လုပ်ကြတယ်။ အခုလို MYEA က Mentorship Programme ကိုပြုလုပ်ပေးတဲ့အတွက် Entrepreneur တွေ အများကြီးအကျိုးရှိမယ်လို့ထင်ပါတယ်။ ဒီ Mentorship Programme Platform မှာ Mentor နဲ့ Mentee တို့ဟာ သူတို့ရဲ့ အတွေ့အကြုံ၊ Idea၊ အတွေးအမြင်တွေ မျှဝေလို့ရမယ်။ ဒီအတွက်ကြောင့် Mentor တွေအနေနဲ့ ရှေ့ကနေပြီး သူတို့မှားခဲ့တဲ့ အမှားတွေ၊ ကောင်းခဲ့တဲ့ရွေးချယ်မှုတွေကို မျှဝေနိုင်မှာဖြစ်သလို Mentee တွေအနေနဲ့လည်း ယခုခေတ်နဲ့ လိုက်လျောညီတဲ့ အတွေးအမြင်တွေကို ပြန်လည်မျှဝေနိုင်မှာမို့ Mentor နဲ့ Mentee တွေအတွက် အကျိုးရှိသလို MYEA နဲ့ စွန့်ဦးတီထွင်လူငယ်တွေအတွက်လည်း အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ ဖြတ်သန်းလာတဲ့ စီးပွားရေးလမ်းကြောင်းတလျှောက်မှာလည်း ကောင်းမွန်တဲ့ ရွေးချယ်မှုတွေရှိခဲ့သလို မှားယွင်းခဲ့တာလဲ ရှိပါတယ်။ ဒီ Programme မှာ Mentor အဖြစ်ပါဝင်ခွင့်ရလို့ ကျွန်တော့်ရဲ့ အတွေ့အကြုံတွေကို ညီနောင်တွေနဲ့ မျှဝေခွင့်ရမှာဖြစ်ပါတယ်။ ဒီလိုမျှဝေခြင်းကနေ စွန့်ဦးတီထွင်လူငယ်တွေက အမှားတွေကိုဖယ်၊ အောင်မြင်တဲ့အတွေ့အကြုံတွေကို အတုယူခြင်းအားဖြင့် Entrepreneur Network ကြီး တစ်ခုလုံးကို တိုးတက်အောင် ထောက်ပံ့ပေးနိုင်မယ်လို့ ယူဆတဲ့အတွက်ပါဝင်ဖြစ်ခဲ့တာဖြစ်ပါတယ်။”





MYEA မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION NEWSLETTER NOVEMBER - 2020



## Member Benefit Program Business Partners

MYEA Member Benefit Program

Member Benefit Program Business Partners

MYEA အသင်းချုပ်မှ အသင်းဝင်များ၏ အကျိုးခံစားခွင့်များကို အမြဲဦးစားပေးစီစဉ်လျှက်ရှိသည့်အလျောက် ယခုအကြိမ်တွင်လည်း MYEA အသင်းဝင် (Active Members) များအတွက် (Member Benefit Program) တစ်ခုကို စီစဉ်ထားရှိပါသည်။

MYEA (Active Member) ဖြစ်ပါက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အသီးသီးမှ ရရှိနိုင်သော ပညာသင်ဆုအကျိုးခံစားခွင့်၊ ကျန်းမာရေး၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စားသောက်ကုန်များ၊ နည်းပညာ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံတွင် အထူးခံစားခွင့် up to 25% အထိ (Special Discount) ရရှိမည်ဖြစ်ပါသည်။

Special Discount အကျိုးခံစားခွင့်ရရှိရန်အတွက် MYEA (အသင်းဝင်သက်တမ်းမကုန်ဆုံးသေးသော) Active Member ဖြစ်ရန်လိုအပ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ သတ်မှတ်ထားရှိသော သက်ဆိုင်ရာနေရာများတွင် MYEA Member Benefit Program Stand or Sticker ဖော်ပြထားရှိပေးမည်ဖြစ်ပြီး အသင်းဝင်များမှ အသင်းဝင်ကတ် (Active member card) အားပြသရုံဖြင့် အလွယ်တကူ အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Active Member ဖြစ်ရန် နှစ်စဉ်ကြေးပေးသွင်းပြီး MYEA မှ ပြုလုပ်ပေးသော Member Benefit Program များတွင် အကျိုးခံစားခွင့် အပြည့်အဝရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
NOVEMBER - 2020

# MYEA Member Benefit Program 2020

1. National Management Academy
2. AIM Institute of Management
3. The Future Academy
4. Hti Hlaing Shin Business Group
5. SP Bakery

## National Management Academy

- Founded in November 2016 by Mr. Han Htoo(MBA, MPA Australia)
- Operating under the name of Parami Education and expand the higher education in 2018 via National Management Academy
- Offers Post graduate Diploma and UK Diplomas
- Going to offer undergraduate and master programs by Midwest University (USA) MOU with Yangon University
- 10,000+ Alumni students and 3,000+ current Students
- Operating over 8 Branches so far

**Discount**

Switzerland MBA Program (Online + Blended Learning) တက်ရောက်လျှင် MYEA Members များအားလုံးအတွက် 50% Scholarship အစီအစဉ်ရမည်။

Cash Downpayment ဖြင့်သွင်းမည့် (MYEA Members များအတွက်)

5,400,000 MMK ကို (10 Discount + Mini MBA) အကျိုးခံစားခွင့်ရရှိပါမည်။

၂ ယောက်မှ ၄ ယောက်အထိ ကျောင်းအတူတူအပ်လျှင် ကျောင်းသားတစ်ဦးလျှင် ၃ သိန်းစီ ထပ်မံလျှော့ပေးမည်။

၅ ယောက်နှင့်အထက် ကျောင်းအတူတူအပ်လျှင်>ကျောင်းသားတစ်ဦးလျှင် (၆) သိန်း ထပ်မံလျှော့ပေးမည်။




## AIM Institute of Management

AIM Institute of Management သည် ၂၀၁၀ ခုနှစ်ကတည်းက မန္တလေးမြို့တွင် စတင်တည်ထောင်ခဲ့သော စီးပွားရေးကျောင်းတစ်ခုဖြစ်ပြီး နိုင်ငံတကာ အသိအမှတ်ပြု MBA ဘွဲ့၊ BBAဘွဲ့၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ Diploma များ၊ လုပ်ငန်းခွင်လက်တွေ့အသုံးချ Certificate သင်တန်းများနှင့် လုပ်ငန်းတစ်ခုချင်းစီ၏ လိုအပ်ချက်အလိုက် Corporate Training များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါသည်။ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ၊ ကမ္ဘာ့အဆင့်ထူးချွန်သူများအပါအဝင် ထူးချွန်ကျောင်းသားများ၊ အောင်မြင်သောလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် စီးပွားရေးပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးပြီး ဖြစ်ပါသည်။

၂၀၂၀ခုနှစ် Covid19 ကမ္ဘာ့ကပ်ရောဂါကြောင့် ကျောင်းသား/ကျောင်းသူများ သင်ယူမှုမရပ်တန့်စေရန်နှင့် နေရာအနှံ့အပြားမှ စီးပွားရေးပညာလေ့လာလိုသူများ အချိန်မရွေးနေရာမရွေး အရည်အသွေးပြည့်ဝသောပညာများကို လေ့လာသင်ယူနိုင်ရန် ရည်ရွယ်၍ AIM e-learning ကို စတင်မိတ်ဆက်ပြီး ယခုအခါ Online မှလည်း သင်ယူနိုင်ပြီ ဖြစ်ပါသည်။ AIM Institute of Management မှ MYEA အသင်းဝင်များအတွက်အထူးခံစားခွင့်အနေဖြင့် အသင်းဝင်တစ်ဦးချင်းအတွက် သင်တန်းကြေးကင်းလွတ်ခွင့်များလည်း ပေးအပ်သွားမည်ဖြစ်ပါသည်။

AIM မှ တာဝန်ယူဖွင့်လှစ်သင်ကြားလျက်ရှိသော

- IEMBA (International Executive Master of Business Administration) offered by Paris Graduate School of Management,




France

- BBA (Bachelor of Business Administration) offered by Paris Graduate School of Management, France
- BBA (Bachelor of Business Administration specialized in Entrepreneurship) offered by Victoria University, Switzerland
- ABE-UK Diploma Level-4,5,6 (Diploma in Business Management, Business Management & HR, Business Management & Marketing) offered by Association of Business Executive, UK
- လုပ်ငန်းခွင်လက်တွေ့အသုံးချ Certificate သင်တန်းများ နှင့် Corporate Training များကို သင်တန်းအမျိုးအစားပေါ်မူတည်၍ 10% မှ 30% အထိ သင်တန်းကြေးကင်းလွတ်ခွင့်များ ပေးအပ်သွားမည် ဖြစ်ပါသည်။

**အသေးစိတ်ထပ်မံသိရှိလိုပါက**

https://www.aim.edu.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး 09-4500 17139, 09-400 5999 30 သို့လည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Discount** – သင်တန်းအမျိုးအစားပေါ်မူတည်၍ 10% မှ 30% အထိ သင်တန်းကြေး ကင်းလွတ်ခွင့်များ ပေးအပ်သွားမည် ဖြစ်ပါသည်။

## The Future Academy

အိမ်တိုင်ရာရောက် ဆရာမခေါ်ပြီး ပညာသင်ယူလိုပါသလား?

App နဲ့ Online Learning Platform ကနေ စနစ်တကျသင်ကြားလိုပါသလား?


သင်ယူလိုတဲ့ အတန်းပညာ၊ အတတ်ပညာတိုင်းအတွက် "The Future Academy" ကို ဆက်သွယ်ပါ။

Ph: 09978283000, 09972818480

Address: 86th street, between 33rd & 34th, Chan Aye Tharzan Township, Mandalay

**Discount**

10% Discount for all services











# MYEA Main Objective

"To empower young entrepreneurs and assist in creating a vibrant entrepreneurship ecosystem in Myanmar"

## Hti Hlaing Shin Business Group




ထီးလှိုင်ရှင်ရဲ့ဆောင်ရွက်ပေးလျက်ရှိသော ဂန်ဆောင်မှုတွေက -

- ကုမ္ပဏီမှတ်ပုံတင်ခြင်း
- နှစ်စဉ်အစီရင်ခံ(AR)တင်ခြင်း
- ကုမ္ပဏီအမည်ပြောင်းခြင်း
- ကုမ္ပဏီရုံးခန်းလိပ်စာပြောင်းခြင်း
- ဒါရိုက်တာများအသစ်ဝင်ခြင်း၊
- ဒါရိုက်တာများနုတ်ထွက်ခြင်း၊ ပြောင်းလဲခြင်း
- အစုရှယ်ယာများ ပြောင်းလဲမှတ်ပုံတင်ခြင်း
- ပို့ကုန်သွင်းကုန်လိုင်စင်မှတ်ပုံတင်ခြင်း
- ကုန်သည်ကြီးများအသင်းဝင်မှတ်ပုံတင်ခြင်း
- ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းတံဆိပ်မှတ်ပုံတင်ခြင်း
- ဂန်ထမ်းကောင်းများရှာဖွေပေးခြင်း
- အလုပ်အကိုင်များရှာဖွေပေးခြင်း
- ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများရေးဆွဲခြင်း
- လချုပ်စာရင်းရေးဆွဲခြင်း
- လုပ်ငန်းစာရင်းများစစ်ဆေးခြင်း
- အခွန်ကိစ္စများရှင်းလင်းဆောင်ရွက်ခြင်း

တို့ကို လူကြီးမင်းတို့လုပ်ငန်းအတွက် တိကျသေချာသောဝန်ဆောင်မှုများနဲ့အတူ ကူညီဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

**Discount**

10% Discount for all services

## 5. SP Bakery

At SP Bakery, we are passionate about creating the best quality products for all our valued customers. With no use of food colorings and preservatives, our baked products are the healthiest and safest with unparalled freshness in the market. It goes without saying that we bake for you every single day to guarantee freshness. With our vision to become the best bakery in Myanmar, we are striding for greatness in both our products quality and customers services.

Since 1969, SP Bakery recipes were refines to suit the trend of the Myanmar Market - creating the perfect fusion between traditional and modern taste. SP Bakery is not daunted to break away from tradition to improve its texture and taste of our baked goods. However, we are also proud of our traditional root to use exotic Myanmar flavor that has satisfied the craving taste buds of all our customers from each generation.

**Discount**

5%Discount for all valid MYEA and MRYEA member card holders



# ENTREPRENEURS

## EXCLUSIVE INTERVIEW



**ဦးအောင်ဇော်ဦး**
Chairman,
AUNG NAING THITSAR GROUP OF COMPANIES
Member Affair Committee-Chair, MYEA

**ပထမဦးဆုံးအနေနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းကို မိတ်ဆက်ပေးပါဦး။**

ကျွန်တော်တို့ အောင်နိုင်သစ္စာ ကုမ္ပဏီလီမိတက်ဟာ The Rice Whole Supply Chain လုပ်ငန်းနဲ့ ဥရောပနိုင်ငံ၊အရှေ့အလယ်ပိုင်းနိုင်ငံ၊ အာဖရိကနိုင်ငံ နှင့် အာရှနိုင်ငံအများအပြားကို ဆန်တင်ပို့ရောင်းချနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ The Rice Whole Supply Chain လုပ်ငန်းစဉ်မှာPre and Pose harvesting services များ၊ ရိတ်သိမ်းပြီးသောစပါးများအား စနစ်တကျသိုလှောင်ကြိတ်ခွဲခြင်း၊ ထုတ်ပိုးခြင်းများ ပြုလုပ်ပြီး စားသုံးသူထံသို့ အရည်သွေးပြည့်ဝ မှန်ကန်စွာဖြင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။

**ယခုစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဖို့အတွက် ဘယ်လို Ideaနဲ့ စတင်ဖြစ်ခဲ့ပါသလဲ။**

ရှေးဦးစွာ Ship Chartering (သင်္ဘောငှား) ကုမ္ပဏီ၌ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလတွင် ရောင်းသူနှင့်ဝယ်သူကြား အခမဲ့အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီအချိန်က ကုန်ရောင်းသူရှိနေပေမယ့် ဝယ်သူရှားပါးတဲ့ ကာလဖြစ်တာကြောင့် မိမိသင်္ဘောမှာ ကုန်ပစ္စည်းတင်စေရန်အတွက် ဝယ်လိုသူအားကူညီရှာဖွေပေးကာ ရောင်းသူနှင့်ဝယ်သူအား ချိတ်ဆက်ပေးခဲ့ပြီး အရောင်းဝယ်ဖြစ်စေကာ ကုန်ပစ္စည်းများအား ကုမ္ပဏီပိုင်သင်္ဘောဖြင့်သယ်ယူပေးခြင်းလုပ်ဆောင်ခဲ့ပါတယ်။ ထို့နောက် လုပ်ငန်းလည်ပတ်ပုံ အလုံးစုံကို နားလည်လာခဲ့ပြီး စိုက်ပျိုးရေးကိုအခြေခံကာ လယ်ယာထွက်ကုန်ရောင်းဝယ်သောလုပ်ငန်းဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ လူဦးရေ ၆၀ ရာခိုင်နှုန်းကျော်ဟာ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ပက်သက်နေသည်ကိုလည်း သိရှိနားလည်ခဲ့ပါတယ်။ လုပ်ငန်း၏အားနည်းချက်များကို လေ့လာမိကာ ထိုမှတဆင့်အခွင့်လမ်းများစွာရှိမည်ဟုယူဆ၍ ဝန်ထမ်းဘဝမှ အကျိုးဆောင်တစ်ဦးအဖြစ် ပြောင်းလဲရပ်တည်ကာ ကိုယ်ပိုင်စီးပွားတစ်ခု စတင်ထူထောင်ခဲ့ပါတယ်။

**စီးပွားရေးလုပ်ငန်းရဲ့ဆောင်ပုဒ်ကို သိပါရစေ။**

"စစ်မှန်သော လူသားအရင်းမြစ် အလားအလာကောင်းများအတူတကွ ဖြည့်ဆည်းဖော်ဆောင်ရန်၊ သဘာဝသယံဇာတအရင်းမြစ်များကို လေးစားတန်ဖိုးထားလျက် ဝယ်ယူအားပေးသူ မိတ်ဆွေများနှင့်အတူ ရေရှည်လုပ်ငန်းလက်တွဲလုပ်ဆောင်ခြင်းဖြင့် အရည်အသွေးမြင့် လယ်ယာထွက်ကုန်များထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်"

**ဘာကြောင့် ဒီလိုလုပ်ငန်းအမျိုးအစားကို ဘယ်လိုစိတ်ကူးနဲ့ ရွေးချယ်လုပ်ကိုင်ဖြစ်တာလဲ သိချင်ပါတယ်။**

ဆန်သည် နိုင်ငံအများစု၏အခြေခံစားသောက်ကုန်ထဲတွင် မရှိမဖြစ်ပါဝင်ပါတယ်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းသည် မိရိုးဖလာနည်းစနစ်ဖြင့် ယနေ့ထိတိုင် လုပ်ကိုင်နေကြဆဲဖြစ်သည့်အနက် ခေတ်မီနည်းပညာ စနစ်ဖြင့်ပြောင်းလဲလုပ်ကိုင်လျှင် အထွက်နှုန်းနှင့် အကျိုးအမြတ်ပိုမိုရရှိလာနိုင်မည်ဟု မျှော်လင့်ခဲ့ပါတယ်။ ထိုလုပ်ငန်းသည် စီးပွားရေးအကျိုးအမြတ် တစ်ခုတည်းကိုသာ ရည်ရွယ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ မြန်မာဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍကို ကမ္ဘာ့အဆင့်မှီ အရည်အသွေးများနှင့်အညီ ပိုမိုစိုက်ပျိုး/ထုတ်လုပ်/တင်ပို့ရောင်းချနိုင်ရန်အလို့ငှာ နိုင်ငံတကာမှ သက်ဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဒေသခံတောင်သူဦးကြီးများနှင့်အတူ ပူးပေါင်းလက်တွဲကာ (Contract Farming) စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် လူမှုစီးပွားရေး အခြေခံသည့်လုပ်ငန်းဖြစ်ပါတယ်။ The Rice Whole Supply Chain အားစနစ်တကျလုပ်ကိုင်နိုင်လျှင်အဘက်ဘက်မှအလုပ်အကိုင်အခွင့်အလမ်းများ အကျိုးအမြတ်များ ရရှိလာနိုင်သည့်အပြင် Food Safeness နှင့် Food Security ကိုလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်အထောက်ကူပြုနိုင်သည်ဟု ယူဆ၍ လုပ်ဆောင်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

**လက်ရှိဦးဆောင်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းက မိမိနိုင်ငံရဲ့နယ်မြေဒေသ၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်ဝန်းကျင်ကို မည်သို့မည်ပုံ အထောက်အကူပြုပါသလဲ။**

The Rice Whole Supply Chain လုပ်ကိုင်ရန် ဆန်စပါးထွက်ရှိရာ ဒေသရွေးချယ်ရာတွင် မိမိ၏ မိဘဇာတိဖြစ်သော ပဲခူးတိုင်းအနောက်ပိုင်း ပုတီးကုန်း၊ သဲကုန်းမြို့နယ်အားရွေးချယ်ခဲ့ပါတယ်။ ထိုဒေသတွင် ဆန်စပါးလုပ်ငန်းနှင့်ပက်သက်သည့် ခေတ်မီဆန်စက်၊ သိုလှောင်ရုံများ၊ ကြိတ်ခွဲစက်များ လိုအပ်ချက်ရှိခြင်း ၊ ဈေးကွက်မရှိဖြစ်နေခြင်းတို့ကြောင့် ဒေသတွင်ထွက်သော စပါးများသည် အခြားမြို့သို့ တင်ပို့ရောင်းချနေတာကိုတွေ့ရှိခဲ့ရပါတယ်။ ထို့ကြောင့် HACCP/ ISO Standard အမှီ ခေတ်မီဆန်စက်တည်ထောင်လိုက်ခြင်းဖြင့် ဒေသခံတောင်သူများအား လုပ်ငန်းအခွင့်လမ်းများပိုမို ဖန်တီးပေးနိုင်သည့်အပြင် Marketလိုအပ်ချက်နှင့်ညီသော ဆန်စပါး ဈေးနှုန်း၊ ဈေးကွက်တစ်ခုအဖြစ်ကိုပါ ဖန်တီးပေးနိုင်ရန်ရည်ရွယ်ကာ လုပ်ကိုင်ဆောင်ရွက်ဖြစ်ခဲ့ခြင်းဖြစ်ပါတယ်။

**မိမိလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်အခြေအနေကို သိပါရစေ။**

တစ်နိုင်ငံလုံးအတိုင်းတာဖြင့်ဆိုလျှင် မြန်မာနိုင်ငံ ဆန်ထွက်နှုန်း၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်း စားနပ်ရိက္ခာအဖြစ်အသုံးပြုကာ ၃၀ ရာခိုင်နှုန်းသာလျှင် export အဖြစ်တင်ပို့ပါတယ်။ ဆန်စပါးလုပ်ငန်း၏ အဓိကဈေးကွက်သည် ပြည်တွင်းမှာသာဖြစ်သည့်အတွက်များစွာသော ကုမ္ပဏီတို့သည် ကိုယ်ပိုင်အမှတ်တံဆိပ်များစွာ အရည်အသွေး အမျိုးစုံဖြင့် ရောင်းဝယ်နေစဉ်၊ အောင်နိုင်သစ္စာကုမ္ပဏီသည် နိုင်ငံတကာ ဈေးကွက်သို့ ဗဟိုပြုတင်ပို့နေပါတယ်။ ထိုသို့ နိုင်ငံတကာတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေနိုင်သလို လယ်သမားများအတွက်လည်း ပြည်တွင်းမှာသာမက နိုင်ငံတကာ ဈေးကွက်အခွင့်အလမ်းများ ရရှိ၍ မှန်ကန်သောနည်းလမ်းဖြင့် ပုံမှန်ဝင်ငွေ ရရှိနိုင်မည့်အခွင့်အရေးများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ပါတယ်။

**မိမိရဲ့လုပ်ငန်း/ထုတ်ကုန်ကို ထိထိရောက်ရောက်နဲ့ Customerတွေဆီရောက်အောင် ဘယ်လိုStrategyတွေသုံးပါသလဲ။**

ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် အရေအတွက် များများတင်ပို့နိုင်ရန် အချိန်ယူနိုင်သည် ဖြစ်သည့်အတွက် လက်ရှိတွင် အခြားသူပိုင်သော OEM အမှတ်တံဆိပ်အား ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရင်း တစ်ဖက်တွင်လည်း နိုင်ငံတကာအဆင့်မှီအရည်အသွေးမြင့် ကိုယ်ပိုင် အမှတ်တံဆိပ်တစ်ခုအား စားသုံးသူထံအရောက်ပို့နိုင်မည့်အစီအစဉ်ကိုလည်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်နေပါတယ်။ Ex-warehouse, FOB, CIF ဈေးနှုန်းတို့ဖြင့်မဟုတ်ဘဲ၊ စားသုံးသူများပိုမိုအစဉ်ပြေစေရန် အချိန်တိုအတွင်း ကုန်ကျစရိတ်ပိုမိုသက်သာစွာဖြင့်Delivery at Place စနစ်ဖြင့် ဝယ်ယူနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်လုပ်ကိုင်လျက် ရှိနေပါတယ်။

**မိမိလုပ်ငန်းနဲ့ပတ်သက်ပြီးစိန်ခေါ်မှုများရှိလာတဲ့အခါ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မည်သို့ဖြတ်ကျော်ခဲ့သလဲ။**

မည်သည့်လုပ်ငန်းမဆို စိန်ခေါ်မှုများစွာရှိပါတယ်။ ထိုသို့စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရချိန်တွင် ကျော်လွှားနိုင်ခဲ့သော ကာလများရှိသကဲ့သို့ ခက်ခဲသောအချိန်များလည်း ရှိခဲ့ပါတယ်။ Major Challanges များဆိုလျှင် မဖြစ်မနေကျော်လွှားနိုင်ရန်စနစ်တကျ ကြိုတင်ကြိုးစားပြင်ဆင်ရပါတယ်။ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရန် ယုံကြည်စိတ်ချရသော Suppliers များရှိရန်လိုအပ်သလို ပုံမှန်အားပေးနေသော Customers များလည်း မရှိမဖြစ်လိုအပ်ပါတယ်။ တစ်ခါတစ်ရံ Demand နှင့် Supply မကိုက်ညီသော အချိန်မျိုးနှင့်ကြုံတွေ့လာလျှင်မိမိအကျိုးအမြတ်ထက် လုပ်ငန်းအစဉ်ပြေချောမွေ့စေရေး ဦးစားပေးဖြေရှင်းရတာမျိုးလည်းရှိပါတယ်။ ရောင်းသူဝယ်သူများနှင့် ရေရှည်ဆက်ဆံရေးတည်မြဲစေရန် ပိုမိုရှေးရှု၍ ဖြေရှင်းရသည့် အချိန်မျိုးလည်း ရှိခဲ့ပါတယ်။

**မိမိလုပ်ငန်း ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်ဖို့အတွက် မည်သည့်အရာက အဟန့်အတားရှိနေပါသလဲ။**
**(ဈေးကွက်ရရှိနိုင်မှု၊ ငွေကြေးရရှိနိုင်မှု၊ Corporate Governance)**

လုပ်ငန်းစတင်တည်ထောင်ခဲ့စဉ် တစ်နှစ်လျှင် ဆန်တန်ချိန် (၁၀၀၀)၊ တစ်နေ့တာ တန် (၁၀၀) ထုတ်နှုန်းသာရှိသော ဆန်စက်ဖြင့်စတင်ခဲ့သော်လည်း၊ ယခုအချိန်တွင် တစ်ရက်ကို တန် (၆၀၀) အထိထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ထပ်မံပြီး နေ့စဉ် တန် (၈၅၀) ထုတ်နှုန်းထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံရာတွင် ပြည်တွင်းဘဏ်အတိုးနှုန်းသည် နိုင်ငံတကာဘဏ်အတိုးနှုန်းနှင့် ယှဉ်ပြိုင်နိုင်သော အတိုးနှုန်းဖြစ်ပါက ရင်းနှီးမြှုပ်နှံရာတွင် ပိုမိုအထောက်ကူဖြစ်စေနိုင်ပါတယ်။ Exporting လုပ်ငန်းတစ်ခုဖြစ်သောကြောင့် Exchange Rate တည်ငြိမ်ရေးသည်လည်း လွန်စွာအရေးကြီးပါတယ် ။ Exchange Rate မတည်ငြိမ်မှုသည် Long-term forward contract ရောင်းချရာတွင် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုတွင်လည်းတည်ငြိမ်သောexchange rate ရှိရန်လည်း လိုအပ်ပါတယ်လို့ထင်မြင်ယူဆပါတယ်။

**မိမိလုပ်ငန်းကို စဉ်ဆက်မပြတ် အောင်မြင်တိုးတက်ဖို့ ဘယ်လို အစီအစဉ်များနဲ့ လုပ်ကိုင်နေလဲ။**

လုပ်ငန်းအတွင်းပိုင်း တည်ဆောက်ဖွဲ့စည်းပုံ၊ လုပ်ငန်းပြင်ပဖွဲ့စည်းပုံ supplier နှင့် buyer ဆက်ဆံရေးတည်ဆောက်မှု၊ ကဏ္ဍအသီးသီးတွင် ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်ပြီး လုပ်ငန်းလိုအပ်ချက်အခြေအနေပေါ် မူတည်၍ ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်လျက် ရှိပါတယ်။ (၂၀၀၃ - ၂၀၂၀) ၁၇ နှစ်တာကာလ တည်တံ့မှုသည် စဉ်ဆက်မပြတ် အောင်မြင်တိုးတက်နိုင်ခဲ့သည်ဟု ယူဆမိပါတယ်။ ၁၇နှစ်အတွင်း ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများနှင့်အတူ ရှေ့

ဆက်အောင်မြင်စွာ ရပ်တည်နိုင်မည်ဟုလည်း ယုံကြည်ပါတယ်။

**MYEAအသင်းကိုဝင်ရောက်ဖြစ်ခဲ့ပုံ ပြောပြပေးပြီး အသင်းအပေါ်တာဝန်ယူဆောင်ရွက်ပေးခဲ့တာတွေနဲ့ လက်ရှိတာဝန်ယူပေးနေတာတွေရှိရင် ပြောပြပေးပါ။**

MYEAအသင်းကို ၂၀၁၂ တွင် အသင်းဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပါတယ်။ ထိုမတိုင်မီ ၂၀၁၀ တွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ရည်ရွယ်၍ Cluster Group ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ Cluster Founder Member တစ်ယောက်အနေဖြင့် အသင်းဖြစ်မြောက်ရေးအတွက် လိုအပ်သည်များကို ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ UMFCCI မှ ဦးဆောင်သော Cambodia နိုင်ငံခရီးစဉ်၏ ASEAN Summit 2010 အား သွားရောက်ခဲ့ရာတွင် အခြားနိုင်ငံများမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းအဖွဲ့များအနေဖြင့် တက်ကြွစွာဆောင်ရွက်နေကြသည်ကို တွေ့မြင်ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့သောအသင်းမျိုးရှိသင့်သည်ဟုယူဆကာ UMFCCI လက်အောက်မှ စတင်ဖွဲ့စည်းဖြစ် ခဲ့ပါတယ်။ Cluster Group မှ တစ်ဆင့် Association ဖြစ်ခဲ့ပါတယ်။ MYEA Association ဖြစ်သည့်အချိန် (၂၀၁၂ -၂၀၁၄) Terms တွင် Joint Secretary အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

(၂၀၁၇ -၂၀၁၉) Terms တွင်လည်း Domestic Relations Committeeတွင် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ထိုအချိန်တွင် Committee ၏ Chairman တစ်ယောက်အနေဖြင့် ပြည်နယ်နှင့်တိုင်းအချို့တွင် အသင်းခွဲများ ရှိနိုင်စေရန်ဗဟိုအသင်းနှင့်ချိတ်ဆက်ပြီး အသင်းသားများအား အသင်းခွဲများဖွင့်လှစ်နိုင်ရေးညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခဲ့ခြင်း တို့အပြင် MYEA တွင် နှစ်စဉ်ပြုလုပ်လေ့ရှိသော Myanmar Entrepreneurship Summit (MES)၊ Myanmar Entrepreneurs Carnival (MEC) ပွဲများ၌ Committee ဝင်တစ်ယောက်အနေဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယခုလက်ရှိ (၂၀၁၉-၂၀၂၁) Terms တွင် Member Affairs Committee ၌ Chair အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အသင်းဝင်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် သက်ဆိုင်သော လုပ်ငန်းအခွင့်အလမ်းများ အကျိုးမြတ်များရရှိစေရန် Members Day Event များကြီးမှူး၍ လုပ်ဆောင်ပေးခြင်း ၊ Excursion Trip များ စီစဉ်ပေးခြင်း၊ Panel Discussion များနှင့် Programများကို ဗဟိုအသင်းတွင်သာမက ညီနောင်အသင်းများတွင်ပါ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေ့ဆက်ပြီး အခွင့်ရေးရမည်ဆိုပါလျှင် ယခုထက်ပိုမိုကောင်းမွန်သော စီစဉ်မှုများအား တာဝန်ယူသွားပေးရန် အစီစဉ်ရှိပါတယ်။။

**လုပ်ငန်းရှင်တစ်ဦးအနေနဲ့ MYEA အသင်းကို ဝင်ရောက်လာတဲ့အချိန်မှာ မိမိရဲ့စီးပွားရေး၊ လူမှုရေး စတဲ့အရာတွေကို အသင်းက ဘယ်လိုအထောက်အကူပြုတာတွေ ဖြစ်စေခဲ့ပါသလဲ။**

Business Starter တစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ SME လုပ်ငန်းရှင် တစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင် Network ကျယ်ပြန့်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါတယ်။ MYEA အသင်းတွင် စီပွားရေး၊ လူမှုရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ နှင့် နိုင်ငံတကာမှ Network များကို တည်ဆောက်နိုင်သော အခွင့်လမ်းများ၊ အခွင့်ရေးများအား အသင်းမှ ဖန်တီးပေးထားလျက်ရှိပြီး အချို့သော Network များသည် မိမိလုပ်ငန်းနှင့် တိုက်ရိုက်ဆက်သွယ်၍ business relationship များကို တည်ဆောက်နိုင်သလို၊အချို့သော Networkများသည်လည်း သွယ်ဝိုက်စွာ အကျိုးပြုသည်များကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အသင်း၏ Networking Event Program များ မှတဆင့် လုပ်ငန်းရှင်များ အချင်းချင်းအတွေ့အကြုံများ၊ အကြံဉာဏ်များ ဗဟုသုတများဖလှယ်ကာပိုမိုကောင်းမွန်သော business relationship များ personal relationship များကိုပါ တည်ဆောက်နိုင်ခဲ့ပါတယ်။

**လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ အသင်းထဲမှ အသင်းဝင်တွေကိုလုပ်ငန်းနဲ့ပတ်သက်ပြီး အကြံပေးစကား မျှဝေပြောပြပေးပါ။**

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတွင် Network သည် အရေးအကြီးဆုံးဖြစ်ပါတယ်။ စီးပွားရေးတွင်သာမက လူမှုအသိုင်းအဝန်းတစ်ခုအတွက်ပါ Network တည်ဆောက်ခြင်းသည်လည်း လွန်စွာအရေးပါသော အချက်တစ်ချက် ဖြစ်ပါတယ်။ MYEA အသင်းမှာ ပြည်တွင်းမှ နယ်ပယ်အသီးသီးတွင် အောင်မြင်နေသော လူငယ်စီးပွားရေးလုပ်ငန်းရှင်များအပြင် ပြည်ပနိုင်ငံများဖြစ်သည့် ASEAN နိုင်ငံများအပြင် China နိုင်ငံနှင့်ပါ ချိတ်ဆက်နိုင်သော Networking တစ်ခု အခြေပြုထားသဖြင့် Young Entrepreneur များ SME လုပ်ငန်းရှင်များအတွက် အရေးကြီးသောအချက်ဖြစ်သည့် Network တည်ဆောက်ခြင်းကို လွယ်ကူစွာရရှိနိုင်ပါတယ်။ MYEA တွင်ဝင်ရောက်ထားသော အသင်းဝင်လူငယ်လုပ်ငန်းရှင်များ၏ အခြားအသင်းအဖွဲ့များနှင့် မတူညီသောအချက်မှာ အကျိုးအမြတ်တစ်ခုအတွက် ဝင်ရောက်ထားကြခြင်းမဟုတ်ဘဲ Volunteerအဖြစ်ဝင်ရောက်ထားသည်ဖြစ်၍ ပျော်ပွဲရွှင်ပွဲများ၊ မိတ်ဆုံစားပွဲများ၊ အလည်အပတ်ခရီးများသွားရင်း မိမိဘဝအတွက် စီးပွားရေးနယ်ပယ်ဖြန့်ကျက်နိုင်ရုံသာမက တစ်ချိန်တည်းတွင်လည်း လူငယ်ဘဝအား ပျော်ရွှင်စွာဖြတ်သန်းရင်း ပျော်ရွှင်စရာ အမှတ်ရစရာ၊ အမှတ်တရမှတ်တမ်းများအား ပါဝင် ဖန်တီးခွင့်ရနိုင်မည်လည်းဖြစ်ပါတယ်။ အနာဂတ်တွင် လူငယ်များသည် နယ်ပယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံအတွက်ကောင်းမွန်စွာအထောက်ကူဖြစ်သော စီးပွားရေး Network များ ဖန်တီးတည်ဆောက်နိုင်ရန် လူငယ်များအနေဖြင့် MYEA ကဲ့သို့ အကျိုး အမြတ်ဗဟိုပြုတည်ထောင်ခြင်းမဟုတ်ဘဲ အနာဂတ်မျိုးဆက်အတွက် လူမှုစီးပွား၊နိုင်ငံအကျိုးပြုရေးများကိုရှေးရှုပြီး တက်ကြွစွာ တည်ထောင်ထားသောအသင်းတွင် ပါဝင်လှုပ်ရှားခြင်း၊ SME များမှ MYEA Programs များ Seminars များတွင် ပါဝင်တက်ရောက်ခြင်းများ ပြုလုပ်သင့်ကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။





# Global Entrepreneurship Week 2020 အား နိုဝင်ဘာလ(၁၆)ရက်နေ့မှ (၂၂) ရက်နေ့အထိကျင်းပပြုလုပ်မည်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွန့်ဦးတီထွင် ယဉ်ကျေးမှုပိုမိုတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် နှစ်စဉ် နိုဝင်ဘာလဒုတိယအပတ်၌ ကျင်းပလေ့ရှိ သော ကမ္ဘာ့စွန့်ဦးတီထွင်ရက်သတ္တပတ် "Global Entrepreneurship Week" ကို မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း (MYEA)မှ ယခင်နှစ်များအတိုင်း National Host အဖြစ် တာဝန်ယူဦးဆောင်ကာ ယခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ယခုနှစ် GWE ၂၀၂၀ ၏ ဆောင်ပုဒ်မှာ "Education, Ecosystem, Inclusion, Policy" ဖြစ်ပါသည်။ ယခုနှစ် စွန့်ဦးတီထွင် ရက်သတ္တပတ်အတွင်း အထက်ပါ ကဏ္ဍ ၄ ခုဖြစ်သည့် "ပညာရေး၊ ဂေဟာစနစ်၊ အားလုံးပူးပေါင်းပါဝင်ခြင်း၊ မူဝါဒကဏ္ဍ "များမှာ စွန့်ဦးတီထွင်သူများ ပိုမိုမွေးထုတ်နိုင်စေရန်၊ စွန့်ဦးတီထွင်မှုကို ပိုမိုအားပေးအားမြှောက်ပြုလာစေရန်အတွက် ပြည်တွင်းတွင်ရှိသော လူငယ်များ၊ စွန့်ဦးတီထွင်သူများ၊ အဖွဲ့အစည်းများ၏ အသံများ၊ လုပ်ဆောင်ချက်များကို ယခုရက်သတ္တပတ်အစီအစဉ်မှ ထုတ်ဖော်ပြသနိုင်ရန်ရည်ရွယ်ထားပါသည်။

ယခုအချိန်တွင် ကမ္ဘာ့ကပ်ရောဂါ Covid-19 ကို အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်းရင်ဆိုင်နေရဆဲဖြစ်သဖြင့် ယခုနှစ် စွန့်ဦးတီထွင် ရက်သတ္တပတ်တွင် အခမ်းအနားများ အားလုံးကို Virtual Event များအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါသည်။ ယခင်နှစ်များက ပူးပေါင်းပါဝင်ခဲ့ကြသော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂိုလ်များသာမက အခြားစိတ်ပါဝင်စား ပူးပေါင်းပါဝင်လိုသူများကိုလည်း ပါဝင်ဆင်နွှဲနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်ထားပါသည်။



# GEW 2020 တွင်ကျင်းပပြုလုပ်ရန် လက်တလောစာရင်းပေးသွင်းထားသည့် Virtual Event များ

| Sr. | Event Title | Date | Platform | Organizer |
|---|---|---|---|---|
| 1 | 1. Women in Business<br>2. Meet the Winners of Ecothon for SCP in Myanmar 2020<br>3. Entrpreneurship<br>4. Sharing Experiences of Business Plan Competition | 11/17/2020 to 22/11/2020 | Zoom | PS Business school |
| 2 | Virtual Selling :The Next BCP | 11/19/2020 | Zoom | Kudos To You Professional Development Academy |
| 3 | Entrepreneurs in Recycling: Challenges and opportunities during pandemic | 11/20/2020 | Zoom | Building Market |
| 4 | Moving your business with digital | 11/20/2020 | Zoom | Women Entrepreneurship Working Group (WEWG) |
| 5 | Surviving through the Pandemic | 11/20/2020 | Zoom | Chate Sat Freelancing Platform |
| 6 | Reshaping your Business by adapting Change | 11/20/2020 | Zoom | AIM Institute of Management |
| 7 | Networking Event | 11/21/2020 | Zoom | Myanmar Young Entrepreneurs Association (MYEA) |
| 8 | Opportunities for Youth in COVID-19 Pandemic | 11/21/2020 | Zoom | Karen Ethnic Entrepreneur Association (KEEA) |
| 9 | Entrepreneurship in a time of COVID-19 | 11/21/2020 | Zoom | Global Shapers Yangon |
| 10 | Modern Workplace Hierarchy | 11/21/2020 | Zoom | Lan Pya Kyal |
| 11 | Business, Education, Jobs for Youth in COVID 19 | 11/21/2020 | Zoom | Magway Region Youth Affair Committee |
| 12 | Learn,Share,Grow together | 11/22/2020 | Zoom | Myanmar Business Executives Association (MBE) |
| 13 | SFU Business Plan Competition 2020 | 11/22/2020 | Zoom | Strategy First University |
| 14 | Going Digital | 11/22/2020 | Zoom | Yangon Region Young Entrepreneurs Association (YRYEA) |
| 15 | Redesigning your Business | 11/22/2020 | Zoom | Mandalay Region Young Entrepreneurs Association (MRYEA) |
| 16 | Resilience Exploration Session | 11/22/2020 | Zoom | Myanmar Young Entrepreneurs Association (MYEA) |






MYEA မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION NEWSLETTER NOVEMBER - 2020

## ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ နှင့်နိုဝင်ဘာလ(၁၂)ရက်အထိ ကျင်းပသည့် အစည်းအဝေးများ

| စဉ် | ကျင်းပသည့်နေ့ရက်/နေရာ | အစည်းအဝေးများ |
|---|---|---|
| 1 | 2.10.2020/Google Meet | ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် နှင့်ကော်မတီများအစည်းအဝေး |
| 2 | 14.10.2020/Google Meet | စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး |
| 3 | 14.10.2020/Google Meet | ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး |
| 4 | 28.10.2020/ Google Meet | စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး |
| 5 | 4.11.2020/Google Meet | Virtual Interview Program အစည်းအဝေး |
| 6 | 6.11.2020/ Google Meet | ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် နှင့်ကော်မတီများအစည်းအဝေး |
| 7 | 7.11.2020/Zoom | စီမံခန့်ခွဲရေးကော်မတီ - Mini Retreat |
| 8 | 11.11.2020/Google Meet | စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး |


## Challenge Grant's Press Release သို့ MYEA ၏ဘဏ္ဍာရေးမှူး ဒေါက်တာအောင်မြတ်လွင် တက်ရောက်ဆွေးနွေး

COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် (CERP) ပါ ပန်းတိုင် (၅) အောက်ရှိ Challenge Grant ပြိုင်ပွဲများ အကြောင်းနှင့်ပါဝင်ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်းများကိုအများပြည်သူသိရှိစေရေး သတင်း စာရှင်းလင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်၊ မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Zoom Application ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ MYEA၏ ဘဏ္ဍာရေးမှူးဒေါက်တာအောင်မြတ်လွင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ Virtual သတင်းစာရှင်းလင်းပွဲတွင် MoCOM E-Commerce Challenge Grant ပြိုင်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် Facilitation Team က အသေးစိတ်ဆွေးနွေးပြောကြားခဲ့ပြီး အမေး/အဖြေကဏ္ဍတွင် မီဒီယာများက မေးမြန်းလာမှုများကို ကုန်သွယ်ရေးဦးစီးဌာန၊ UNDP Myanmar နှင့် Facilitation Team တို့မှ တာဝန်ရှိသူများက ဖြေကြားသည်။ MoCOM E-Commerce Challenge Grant ပြိုင်ပွဲအား အသေးစိတ်သိရှိလိုပါက https://www. connectthedot. com.mm/ တွင် လည်းကောင်း၊ MoCOM E-Commerce Innovation Challenge အမည်ရှိ Facebook Page တွင်လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ UN Women အဖွဲ့အစည်းတို့ပူးပေါင်းကျင်းပသည့် Virtual Workshop သို့ MYEA ဒုတိယဥက္ကဋ္ဌ ဒေါက်တာသဲမြတ်စိုး တက်ရောက်

COVID-19 ကပ်ရောဂါကြောင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ထိခိုက်မှုလျော့ပါးသက်သာစေရန် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင်ထုတ်ပြန်ခဲ့သည့် goal (၇)ခုပါဝင်သော COVID-19 Economic Relief Plan(CERP) ကို Goal များအလိုက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ထိခိုက်မှုများကို လျော့နည်းစေရန်နှင့် တန်းတူအခွင့်အရေးရရှိစေရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ UN Women အဖွဲ့အစည်းတို့ ပူးပေါင်း၍ Virtual Workshop ကို ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ (၁၂) ရက် (ကြာသပတေး) နေ့၊ နေ့လည် (၂: ၀၀) နာရီမှ (၄ : ၃၀ ) နာရီ တွင် Zoom Application အသုံးပြု၍ ကျင်းပပြုလုပ်ခဲ့ရာ MYEA ၏ ဒုတိယဥက္ကဋ္ဌဒေါက်တာသဲမြတ်စိုး တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲသို့ သက်ဆိုင်ရာ




ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ၊ UMFCCI , MWEA , MYANWEN, ADB , World Bank စသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် (၅၀) ဦးခန့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## "ဂုဏ်ယူဝမ်းမြောက်ခြင်း"

ဗီယက်နမ်နိုင်ငံ၊ဟနွိုင်းမြို့၌ (၁၃.၁၁.၂၀၂၀)ရက်နေ့က ကျင်း ပပြုလုပ်ခဲ့သည့် ASEAN Business & Investment Summit 2020 တွင် ASEAN Region၏ အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော ASEAN BUSINESS AWARD (ABA 2020) ဆုများ ဆွတ်ခူးရရှိခဲ့ကြသည့် အသင်းဝင်များအား MYEA မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

- ❑ "Country star of the year" Dr.မင်းထက် (Joint Secretary)
- ❑ "Combating COVID-19 " Dr.စွမ်းဆောင်ဦး (Executive Member)
- ❑ "SMEs Excellence (Employment)" ဒေါ်သူဇာဝင်း (Gold Member)














# အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အသင်းဝင်များသို့ အသင်း ရုံးမှဖြန့်ဝေစာများ

| No. | Invited From | Description | Date/Plaftorm | Invited |
|---|---|---|---|---|
| 1 | MYEA | Resilience Exploration Session | 22-Nov-2020/ Zoom | Member |
| 2 | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | Myan Trade Website လွှင့်တင်ခြင်းအခမ်းအနား | 21-Oct-2020/ Zoom | President, Secretary |
| 3 | Industrial Transformation ASIA-PACIFIC | Industrial Transformation ASIA PACIFIC 2020 | 20-Oct-2020/ Zoom | CEC,EC |
| 4 | Embassy of Israel | Israel Health & Wellness Culinary Show 2020 | 27/28-Oct-2020/ Zoom | CEC,EC |
| 5 | UMFCCI | ဂျပန်နိုင်ငံ၏စီးပွားရေးသတင်းအချက်အလက်များ ပေးပို့တင်ပြခြင်းကိစ္စ | | CEC,EC |
| 6 | UMFCCI | (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပါရန် ဖိတ်ကြားခြင်းကိစ္စ | 27-30 Nov-2020/ Online | Executive Member |
| 7 | Strategy First | SFU - Online Course (Batch-7) | 2-Nov-2020/ Online | Member |
| 8 | UMFCCI | ကမ္ဘာ့ကုန်စည်နှင့်ခရီးသွားပြပွဲ | 13-16 May-2021/ အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်, Miami Beach Convention Center | Executive Member |
| 9 | UMFCCI | Fully Online Licensing စနစ်ကိုအသုံးပြု၍ သွင်းကုန်လိုင်စင်လျှောက်ထားနိုင်သည့် ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်းကိစ္စ | | Executive Member |
| 10 | University of the Thai Chamber of Commerce | " Being a Leader" Training | Nov & Dec /Online | Member |
| 11 | MYEA | Mentoring Program Briefing Session | 25-Oct-2020/ Zoom | Mentor,Mentee |
| 12 | MYEA | Global Entrepreneurship Week တွင် ပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ခေါ်ခြင်း | 16-22 Nov- 2020/ Zoom | Member,Regional |
| 13 | Digital Trade Team (DoT) | Micro Small and Medium-Sized Enterprises(MSMEs) Asia Virtual Workshop | 23-24 Nov- 2020/ Zoom | Daw Aye Myat Myat |
| 14 | Digital Trade Team (DoT) | Challenge Grant's Press Release | 11-Nov-2020/ Zoom | Dr.Aung Myat Lwin |
| 15 | Directorate of Industrial Supervision and Inspection | Virtual Workshop to develop Gender Indicators for CERP | 12- Nov-2020/ Zoom | Dr.Thae Myat Soe |